ပြည်သူများအတွက် ကပ်ဆိုက်မှုကျရောက်ပြီး ပြန်လည်ထူထောင်ရေးအတွက် အချက်အလက်များ

## သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဒဏ်ရာအရေးပေါ်ကုသမှု

ဟာရီကိန်းမုန်တိုင်း တိုက်နေတုန်းနဲ့တိုက်ပြီးချိန်မှာ ထိခိုက်ဒဏ်ရာ ရဖို့အလားအလာများပါတယ်။ အရေးပေါ်လူနာကုသမှု ချက်ချင်းလုပ်ရင် သေးငယ်တဲ့ဒဏ်ရာတွေကို ကျက်စေရာမှာနဲ့ ရောဂါပိုးမဝင်အောင် ကာကွယ်ရာမှာ အထောက်အကူဖြစ်ပါတယ်။ ဟနေတဲ့ ဒဏ်ရာတွေ ရှိသူတွေမှာ မေးခိုင်ရောဂါဖြစ်ဖို့ ကျန်းမာရေးအန္တရာယ်ရှိပါတယ်။

အောက်ပါ အချက်တွေ ရှိရင် ကျန်းမာရေးကုသမှု ချက်ချင်းခံယူပါ။

- ဒဏ်ရာမှာ ပြင်ပကအရာတစ်ခုခု ဝင်နေတယ်ဆိုရင်၊

- (ခွေးကိုက်တာလို ဒါမှမဟုတ် ညစ်ပေတဲ့အရာတစ်ခုခုနဲ့ ထိုးမိပြီးပေါက်သွားတာလိုမျိုး) ဒဏ်ရာမှာ ပိုးဝင်ဖို့အလားအလာ အထူးရှိနေတယ်ဆိုရင်၊

- အနာဟောင်းက (ပိုနာကျင်ကိုက်ခဲတာ၊ ရောင်ရမ်းတာ၊ နီတာ၊ အရည်ထွက်နေတာ၊ ဒါမှမဟုတ် အဖျားတက်တာတို့လို) ပိုးဝင်ဖို့လက္ခဏာပြနေရင်။

## သေးငယ်သည့်ဒဏ်ရာများကို ကုသပုံ

- တတ်နိုင်ရင် လက်ကို ဆပ်ပြာ၊ ရေသန့်တို့နဲ့ ကောင်းကောင်းဆေးပါ။
- အနာကို ကုနေတုန်း လက်နဲ့မကိုင်ပါနဲ့ (တတ်နိုင်ရင် တခါသုံး ရော်ဘာလက်အိတ်တွေ သုံးပါ)။
- ထိခိုက်အနာတရဖြစ်နေတဲ့အစိတ်အပိုင်းကနေ လက်ဝတ်ရတနာတွေနဲ့ အဝတ်အစားတွေ ချွတ်လိုက်ပါ။
- သွေးသွန်တာထိန်းဖို့ သွေးထွက်နေတဲ့ ဒဏ်ရာကို တိုက်ရိုက်ဖိအားပေးပါ။
- သွေးတိတ်သွားရင် အနာကိုဆေးပါ။
    - o ဒဏ်ရာမှာ အညစ်ကြေးတွေနဲ့ ပြင်ပကအရာတွေ ရှိ၊ မရှိ စစ်ဆေးပါ။
    - o ရေသန့်ဗူးထဲကရေ ဒါမှမဟုတ် ပိုက်ကရေသန့်နဲ့ ဒဏ်ရာကို ညင်ညင်သာသာ ဆေးပါ (ရနိုင်ရင် ဆားရည်က ပိုကောင်းပါတယ်)။
    - o ဒဏ်ရာအနားတဝိုက်ကို ဆပ်ပြာ၊ ရေသန့်တို့နဲ့ ညင်ညင်သာသာ ဆေးပါ။
    - o ခြောက်အောင်လို့ ဖွဖွလေး တို့ပြီး သုတ်ပြီး ပလာစတာ ဒါမှမဟုတ် သန့်ရှင်းခြောက်သွေ့တဲ့ အဝတ်စနဲ့ ဖုံးထားပါ။
- မဆေးရသေးတဲ့ ဒဏ်ရာတွေ၊ ကိုက်ရာတွေနဲ့ ပေါက်သွားတဲ့နေရာတွေကို ဟထားပါ။ မှန်မှန်ကန်ကန်ဆေးမထားတဲ့ ဒဏ်ရာတွေမှာ ဘက်တီးရီးယားတွေ ဝင်နိုင်ပြီး ရောဂါပိုးဝင်နိုင်ပါတယ်။
- တတ်နိုင်သမျှ နာကျင်မှုသက်သာစေတဲ့ဆေးတွေ ပေးပါ။



DEPARTMENT OF HEALTH AND HUMAN SERVICES
CENTERS FOR DISEASE CONTROL AND PREVENTION
SAFER • HEALTHIER • PEOPLE™

**သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဒဏ်ရာအရေးပေါ်ကုသမှု**

**ထည့်သွင်းစဉ်းစားရန် အခြားအချက်များ**

- စီးဆင်းမနေတဲ့ရေ၊ ပင်လယ်ထဲကသက်ရှိတွေ၊ ပင်လယ်ရေတို့နဲ့ ထိတွေ့ထားတဲ့ ဒဏ်ရာတွေမှာ ရောဂါပိုး အမျိုးမျိုးဝင်ဖို့ မျှော်လင့်ထားပါ။
- မြေကြီး၊ သဲတို့နဲ့ ထိတွေ့ထားတဲ့ ဒဏ်ရာတွေက ရောဂါပိုးဝင်နိုင်ပါတယ်။
- ပေါက်သွားတဲ့ ဒဏ်ရာတွေမှာ အဝတ်အစားအစအနတွေနဲ့ အညစ်အကြေးတွေ ဝင်ပြီး ရောဂါပိုးဝင်နိုင်ပါတယ်။
- ကြေသွားတဲ့ ဒဏ်ရာတွေက လှီးမိ၊ ရှမိရာကရတဲ့ ဒဏ်ရာတွေထက် ပိုးပိုဝင်နိုင်ပါတယ်။
- မေးခိုင်ရောဂါ ကာကွယ်ဖို့အဆင့်တွေ လိုက်နာပါ။

**သင့်မှာ ဒဏ်ရာတွေရှိနေရင် မေးခိုင်ရောဂါကာကွယ်ဆေးအတွက် စစ်ဆေးမှု ခံယူရပါမယ်။ ဒဏ်ရာပေါက်သွားရင် ဒါမှမဟုတ် ဒဏ်ရာမှာ ကျင်ကြီး၊ မြေကြီး၊ တံတွေးတို့နဲ့ ပေသွားရင် ကျန်းမာရေးဝန်ထမ်းတစ်ယောက်ကို မိမိရဲ့ ကျန်းမာရေးမှတ်တမ်းတွေအပေါ်မူတည်ပြီး နောက်ထပ် မေးခိုင်ရောဂါကာကွယ်ဆေး ထိုးဖို့ လိုမလိုဆုံးဖြတ်ခိုင်းပါ။**

**ကိုးကားချက်**

(ခရိုမား၊ ဂျေ၊ အာရ်၊ ရက်ပ် အမ်တီနှင့် အမေရိကန် အရေးပေါ်ဆရာဝန်များကောလိပ်၊ (၂၀၀၁) အရေးပေါ်ကုသမှု လက်စွဲ။ ။ အခြေအနေမရွေး အသက်အရွယ်မရွေး အရေးပေါ်လူနာများကုသရေး လမ်းညွှန်အပြည့်အစုံ၊ (၃ ကြိမ်မြောက် တည်းဖြတ်မှု) နယူးယောက်။ ။ ဒေါလင်း ကင်ဒါစလီ လီမိတက်) Krohmer, J.R., Rapp M.T. & American College of Emergency Physicians.(2001). First aid manual: A comprehensive guide to treating emergency victims of all ages in any situation. (3 rd ed.) New York : Dorling Kindersley Limited.

(တင်တီနယ်လီ၊ ဂျေအီး၊ ကီလင် ဂျီဒီ၊ စတက်စင်းစကီး ဂျေ အက်စ်နဲ့ အမေရိကန် အရေးပေါ်ဆရာဝန်များကောလိပ်၊ (၂၀၀၄) အရေးပေါ်ကုသမှု။ ။ လမ်းညွှန်အပြည့်အစုံ၊ (၆ ကြိမ်မြောက်တည်းဖြတ်မှု) နယူးယောက်။ ။ မက်ဂရော ဟီးလ်) Tintinalli, J.E., Kelen, G.D., Stapczynski, J.S., & American College of Emergency Physicians. (2004). Emergency medicine: A comprehensive guide. (6th ed.) New York : McGraw-Hill.



DEPARTMENT OF HEALTH AND HUMAN SERVICES
CENTERS FOR DISEASE CONTROL AND PREVENTION
SAFER • HEALTHIER • PEOPLE™